# စစ်ကောင်စီ ထောက်ခံသူများ၏
# FACEBOOK တွင် ရေးသားနေသည့်
# ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု
# အစီရင်ခံစာ (မေလ)



## မာတိကာ

**၁။ နိဒါန်း ......... 2**

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ ......... 2**

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ......... 2

၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ ......... 3

၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း ......... 3

၂.၄။ ကန့်သတ်ချက် ......... 3

**၃။ လေ့လာတွေ့ရှိချက်များ ......... 4**

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ ......... 4

၃.၂။ ဝါဒဖြန့်သည့် ပို့စ်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ ......... 5

၃.၃။ ဝါဒဖြန့်သည့် ပို့စ်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ ......... 8

၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ ......... 9

၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု အပေါ်တွင် တုန့်ပြန်မှု အခြေအနေများ ......... 11

**၄။ နိဂုံးချုပ် ......... 12**

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထို့ကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မည့်သည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

## ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

### ၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
|---|---|
| ဘာသာရေး | ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်တပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် တုန့်ပြန်မှုများ | အန်စီအေရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်စဉ်များ | အန်စီအေရေးထိုးမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | တပ်မတော် |
| သတင်းပေးခြင်း | စစ်ကောင်စီ ထောက်ခံသူများ |
| လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း | အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ |
| | ဆန္ဒပြလှုပ်ရှားမှုများ ပြုလုပ်နေသည့် အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ/ နိုင်ငံရေးသမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ -၂၀၂၁) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |

**ဇယား (၁)**

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချီရေးကို နေ့စဥ် စဥ်ဆက်မပြတ် လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့် လေ့လာခဲ့ပါသည်။ အုပ်စုနံပါတ် (၁) နှင့် အုပ်စုနံပါတ် (၃) မှာ Private Group ဖြစ်ပြီး အုပ်စုနံပတ် (၂ ) နှင့် အုပ်စုနံပတ် (၄) တို့မှာ မှာ Public Group များ ဖြစ်သည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဍာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

## ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပို့စ့် အရေအတွက် ၄၁၅ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပို့စ့်များနှင့် ပါတ်သက်၍ ထိတွေ့ တုန့်ပြန်မှု အရေအတွက် ၁၇၆၁၃ ခု ရှိခဲ့ပြီး မျှဝေသူ ၂၉၁၁ ဦးနှင့် မှတ်ချက် ရေးသားသူ ၁၀၇၆ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

### ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ




ဂရပ် (၁)


**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၆၀ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၇ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၃ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၆၄ ကြိမ်ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်း ၇ ကြိမ်နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း ၆ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၇၇ ကြိမ်ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်း ၂ ကြိမ်နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း ၁ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၈၆ ကြိမ် ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်းမှာ ၂ ကြိမ်ရှိခဲ့သည်။

## ၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ သတင်းပေးခြင်း ဖြစ်ပြီး ၃၁ ရာခိုင်နှုန်းထိ ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ၂၆ ရာခိုင်နှုန်း၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာ ၁၂ ရာခိုင်နှုန်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၁၉ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။

သတင်းပေးသည့် ဖြစ်စဉ်များတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားနေသည့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၏ စစ်ရေး လှုပ်ရှားမှုများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ ကို ထောက်ခံသူများအား ဖမ်းဆီးရန် သတင်းပေးခြင်းများကို တွေ့ရသည်။




ပုံ (၁)


ရက္ခိုင့်တပ်တော်(AA) နှင့် ပါတ်သက်၍ ပုံစံမျိုးစုံဖြင့် တိုက်ခိုက်ရေးသားမှုများ တွေ့ရှိရပြီး ယခုလ တွင်လည်း ရက္ခိုင့်တပ်တော်(AA)မှာ စစ်ကောင်စီ ဝါဒဖြန့်သူများ၏ အများဆုံး ပစ်မှတ်ထား တိုက်ခိုက်ခံရသည့် အဖွဲ့ ဖြစ်နေဆဲပင် ဖြစ်သည်။ ရက္ခိုင့်တပ်တော်(AA)အပေါ် မူးယစ်ဆေးဝါး ကုန်သွယ်မှု ပြုလုပ်သည်ဟု ရေးသားမှုများ၊ လူမျိုးရေး ရန်တိုက် ရေးသားမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီ တပ်ဖွဲ့များမှ ရက္ခိုင့်တပ်တော်(AA) သိမ်းပိုက်ထားသည့် စခန်းများကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်ဟု လည်းကောင်း၊ လေကြောင်း တိုက်ခိုက်မှု များကြောင့် ရက္ခိုင့်တပ်တော်(AA) တပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံးမှု များပြားသည်ဟုလည်းကောင်း ဝါဒဖြန့်ခဲ့သည်ကို တွေ့ရသည်။




ပုံ (၂)

စောင့်ကြည့်လေ့လာမှုအရ ယခုလတွင် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၁၉ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ စစ်မှုထမ်း ဥပဒေဖြင့် စုဆောင်းထားသည့် တပ်သားသစ် သင်တန်းများနှင့် ပါတ်သက်သည့် ဓာတ်ပုံများကို အသုံးပြုကာ ဆက်လက် ဝါဒဖြန့်နေဆဲပင် ဖြစ်သည်။ မေလအတွင်းတွင် စစ်ကောင်စီ တပ်ဖွဲ့များမှ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ သိမ်းပိုက်ထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ သရက်ကုန်း စခန်းကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း ဝါဒဖြန့်ခဲ့ပြီး ကြီးမားသည့် စစ်ရေးအောင်ပွဲ တစ်ခုကဲ့သို့ ရေးသားမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် အမျိုးသား ညီညွတ်ရေး အစိုးရ ကာကွယ်ရေး ဝန်ကြီး ဦးရည်မွန်ကို နောင်ချိုမြို့နယ်တွင် ဖမ်းဆီး ရမိကြောင်း အတုအယောင် သတင်းမှားများဖြင့် ဝါဒဖြန့်ခဲ့သည်။


## ၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)

မေလအတွင်းတွင် ဝါဒဖြန့်သည့် ပိုစ့်များ ရေးသားရာတွင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ပါတ်သက်၍ ၁၉ ရာခိုင်နှုန်း၊ အန်စီအေစာချုပ်ကို လက်မှတ်ရေးထိုးမထားသည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် ပါတ်သက်၍ ၁၈ ရာခိုင်နှုန်း၊ တပ်မတော်နှင့် ပါတ်သက်၍ ၁၁ ရာခိုင်နှုန်း၊ ပြည်သူများနှင့် ပါတ်သက်၍ ၁၀ ရာခိုင်နှုန်း၊ အမျိုးသား ညီညွတ်ရေး အစိုးရကို ထောက်ခံသူများနှင့် ပါတ်သက်၍ ၉ ရာခိုင်နှုန်း၊ စစ်ကောင်စီနှင့် ပါတ်သက်၍ ၈ ရာခိုင်နှုန်း၊ စစ်ကောင်စီကို ထောက်ခံသူများနှင့် ပါတ်သက်၍ ၈ ရာခိုင်နှုန်း အသီးသီး ရှိခဲ့သည်ကို တွေ့ရသည်။

## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ





ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာ ဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၁) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်းအချက်အလက်များ၊ အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင်

စနစ်တကျ ဝါဒဖြန့်ခဲ့သည်။ တော်လှန်ရေး တပ်ဖွဲ့များမှ လမ်း၊ တံတားများကို ဖျက်ဆီးခြင်းနှင့် ဆက်သွယ်ရေးနှင့် လျှပ်စစ်တာဝါတိုင်များကို မိုင်းထောင် ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်မှုများကို ထောက်ခံခဲ့သည် ပြည်သူများ အနေဖြင့် လျှပ်စစ်မီး ပြတ်တောက်မှုကို ခံရသင့်ကြောင်း အပြစ်တင် ရေးသားမှုများကို တွေ့ရသည်။

မေလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသား ညီညွတ်ရေး အစိုးရ၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်နီစီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၊ ရက္ခိုင့်တပ်တော်(AA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ကရင်နီ အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ (KNDF)တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။ အန်နီစီအေလက်မှတ် ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကရင် အမျိုးသား အစည်းအရုံး(KNU)နှင့် ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (PNLA)တို့ကို ဦးတည် တိုက်ခိုက် ရေးသားမှု အများဆုံးပြုလုပ်ခဲ့သည်။




လှ ထွန်း
May 2

KIA ၊ MNDAA နှင့် TNLA တို့အကြား ရှမ်းမြောက်၌ သုံးပွင့်ဆိုင် နယ်မြေလုနေခြင်းကြောင့် ဒေသခံပြည်သူများအကြား စိုးရိမ်နေ

သုတကျော်(NP News) - မေ ၁

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် KIA၊ MNDAA နှင့် TNLAတို့အကြား သုံးပွင့်ဆိုင် နယ်မြေလု တင်းမာနေခြင်းကြောင့် ဒေသခံပြည်သူများအကြား စိုးရိမ်မှုများဖြစ်နေကြောင်း NP News က ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကွတ်ခိုင်မြို့တွင် ဖွင့်လှစ်ထားသည့် KIA ဆက်ဆံရေးရုံးကို ပိတ်ရန်နှင့် KIA တပ်ဖွဲ့များ ထွက်ခွာရန်အတွက် TNLA က ဧပြီလ လယ်ပိုင်းတွင် သွားရောက်ပြောကြားခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ပြီး ကွတ်ခိုင်မြို့နှင့် တာမိုးညဲမြို့ ကြားက မော်ဟန်ကျေးရွာအုပ်စုတွင်လည်း MNDAA နှင့် TNLA ကြား ထိတွေ့ပစ်ခတ်မှု ဖြစ်ခဲ့ပြီး ထိခိုက်၊ ဒဏ်ရာရသူရှိခဲ့သည်။

ထို့ပြင် ဧပြီလ ၁၉ ရက်ကလည်း အဆိုပါမြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးတွင် နေထိုင်နေသည့် MNDAA တပ်ဖွဲ့ဝင်များကိုMNDAA အလံဖြုတ်ရန်နှင့် ထွက်သွားရန် TNLA က ပြောဆိုရာမှတစ်ဆင့် နှစ်ဖက် တင်းမာမှု ဖြစ်ပွားခဲ့သေးသည်။

အလားတူ ကွတ်ခိုင်မြို့နယ်က KIO ထိန်းချုပ် သစ်တောနယ်မြေ ဆိုသည့် ဆိုင်းဘုတ်ကိုလည်း TNLA က ဖျက်ဆီးခဲ့ကြသေးကာ နမ္မတူမြို့နှင့် မန့်တုံမြို့ဘက်တွင် KIA နှင့်PDF တပ်ဖွဲ့ဝင်များကို မြို့တွင်းတွင် စစ်ဝတ်စုံဝတ်ဆင်သွားလာခြင်းနှင့် မြို့အနီး တပ်စခန်းချခြင်းကို TNLA က တားမြစ်ခဲ့သေးကြောင်းသိရသည်။

"တချို့ ထင်ရှားတဲ့ ဖြစ်စဉ်တွေလောက်ပဲ သိတာ။ အောက်ခြေမှာ ပွတ်တိုက်မှု ဖြစ်နေတာတွေ ရှိတယ်။ အဲဒါက ၁၀၂၇ ပြီးတည်းက စဖြစ်လာတာတွေ။ နောက်ဆုံးဟာက နမ့်ဖက်ကာရွာမှာ KIO ရုံးကို TNLA က ဖယ်ဖို့ပြောနေတာရှိတယ်။ နောက် တလောက သိလိမ့်မယ်။ KIO မီးသတ်က ရေဖြည့်တာကို TNLA က သူတို့ပိုင်နက်မို့ ချောင်းမှာ ရေမဖြည့်ရဘူးဆိုပြီး နမ့်ဖက်ကာမှာပဲ ဖြစ်တာလေ။ TNLA ဘက်က ရေဖြည့်နေတဲ့ ရွာသားတွေကို ရိုက်တယ်။ မီးသတ်ကားကိုဖျက်ဆီးတယ်။ သေနတ် ဖောက်ခြိမ်းခြောက်တယ်။ ပြီးတော့ KIA တွေ ရောက်တော့ ရိုက်တာ ဖြစ်ကြတယ်လေ။ မီဒီယာမှာ မပါတာတွေလည်း ရှိတယ်။ စောင်နေတဲ့ သဘောမျိုးပေါ့"ဟု ဖြစ်စဉ်ကို သိရှိသူဒေသခံတစ်ဦးက ဆိုသည်။

ထို့ပြင် ဒေသတွင် သတင်းမီဒီယာများ တွင် ဖော်ပြထားချက်အရ မုံကိုးမြို့ရှိ KIA ရုံး တစ်ရုံးကို MNDAA က ဧပြီလ ၂၃ ရက်တွင် တားမြစ်ခဲ့ကပ်သည့် ဖြစ်စဉ်ဖြစ်ပွားသည့်အပြင် အဆိုပါမြို့က ကချင်ရိုးရာ မနောကွင်းတွင် ခန်းမ ဆောက်လုပ်ခွင့်ကိုလည်း MNDAA က မပေးသည့် ဖြစ်စဉ်ဖြစ်ပွားနေကြောင်း သိရသည်။

"ဒေသခံတွေကတော့ ကြောက်တာပေါ့။ အချင်းချင်းကြားမှာ တိုက်ပွဲတွေ ဖြစ်လာမှာကို စိုးရိမ် နေတယ်။ အခုက သုံးပွင့်ဆိုင်အခြေအနေလို့ ပြောလို့ရတာပေါ့နော်။ တစ်ဖွဲ့နဲ့နှစ်ဖွဲ့ ဖြစ်ကြတာမျိုးလည်း မဟုတ်ဘူး။ သုံးဖွဲ့က အချင်းချင်း ဖြစ်နေတာ။ တိုက်ပွဲတွေဖြစ်ရင် ထပ်ပြေးရမယ်။ အေးချမ်းတဲ့ အနေအထား ပျက်သွားမှာကို စိုးရိမ်နေကြတယ်။ အချင်းချင်းညှိမလား၊ ဘယ်လိုပုံစံသွားမလဲ မသိသေး ဘူး" ဟု ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သည့် အမည်မဖော်လိုသူ ဒေသခံတစ်ဦးက NP News ကိုပြောသည်။

ထို့ပြင် ဒေသခံများကို မေးမြန်းထားသည့် အချက်အလက်များအရ TNLA က နမ္မတူ မြို့နယ်၊ ဘော်တွင်းရှိ KIA နှင့် PDF စခန်းတစ်ခုကို ရွှေ့ပြောင်းရန် ပြောသည်ဟု သတင်းများထွက်ပေါ်နေ ကြောင်းသိရပြီး မတ်လအတွင်းကလည်း KIA စစ်ဆေးရေးဂိတ်ကို TNLA က ဖျက်ဆီးခဲ့ သေးကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်း ရမည်။
May 28 at 12:45 PM

နမ့်ခမ်းမြို့နယ်တွင် SSPP တပ်သား ၁၂၀ ကျော်ကို TNLA မှ ဖမ်းဆီးပြီး ကားပေါ်တင်ကာ မူဆယ်ဘက် မောင်းထုတ်

..........................................................

နေပြည်တော်၊ မေ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/SSA) တပ်သားများကို တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA က ဖမ်းဆီးပြီး ကားပေါ်တင်ကာ မူဆယ်ဘက်သို့ မောင်းထုတ်လိုက်ကြောင်း သိရသည်။

မေလ (၂၇)ရက် နံနက် (၉)နာရီခန့်မှ စတင်ကာ နမ့်ခမ်းမြို့နယ် ရွှေလီမြစ်ကမ်းဘေးရှိ SSPP အဖွဲ့ တပ်စွဲ ထားသည့် ကျေးရွာများသို့ TNLA အဖွဲ့မှ ဝင်ရောက်လာပြီး ကျေးရွာများကို အင်အားသုံးပြီး ဝန်းရံပိတ်ဆို့ကာ SSPP အဖွဲ့ဝင်များကို လက်နက်ကိုင်ဆောင်ခွင့်မပြုဘဲ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ညနေ (၃)နာရီခန့်တွင် အဆိုပါ ဖမ်းဆီးထားသည့် SSPP အဖွဲ့ဝင်များကို ဖောကားများ၊ ထွံကား များပေါ်သို့ တင်ဆောင်ပြီး TNLA အဖွဲ့ဝင်များမှ ရှေ့နောက်မှ လက်နက်များဖြင့် ချိန်ပြီး မူဆယ်ဘက်သို့ မောင်းထုတ်လိုက်ကြောင်း သိရသည်။


ဖမ်းဆီးခံရသည့် SSPP အဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ် နောင်မလုံ၊ နောင်ခမ်း၊ မန့်ဟောင်း၊ ကွန်ဟိုင်း စသည့် ကျေးရွာများတွင် တပ်စွဲထားသည့် အဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၄ကျေးရွာများမှ SSPP အဖွဲ့ဝင်များ တပ်စွဲနေထိုင်ခဲ့သည့် စခန်းများကို TNLA အဖွဲ့ဝင်များ မှ အလံများဖြုတ်ချကာ ပိတ်ထား ကြောင်း သိရသည်။

ပုံ (၃)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ တော်လှန်ရေး တပ်ဖွဲ့များ အကြား စစ်ရေးနှင့် နယ်မြေထိန်းချုပ်ရေး အရ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို အခြေခံကာ သွေးခွဲရန်တိုက် ရေးသားမှုများ ပြုလုပ်ခဲ့သည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု အပေါ်တွင် တုန့်ပြန်မှု အခြေအနေများ




ဂရပ် (၅)

စစ်ကောင်စီကို ထောက်ခံသူများကိုသာ စီစစ်၍ အဖွဲ့ဝင် ဖြစ်ခွင့်ပေးထားသော Private Group ဖြစ်သည့် **အုပ်စု နံပါတ် ၁** တွင်တွေ့ရှိရသည့် ဩဂုတ်လမှ မေလအတွင်းရှိ ထိတွေ့ တုန့်ပြန်မှု အခြေအနေများ ဖြစ်သည်။ တပ်မတော် ချစ်မြတ်နိုးသူများ (အုပ်စု နံပါတ် ၁)တွင် စစ်ကောင်စီ လော်ဘီများ၏ ဝါဒဖြန့်မှုများနှင့် ပါတ်သက်၍ စစ်ကောင်စီ ထောက်ခံသူများ အကြားတွင် စိတ်ဝင်စားမှု အနည်းငယ် မြင့်တက်ခဲ့သည်။

## ၄။ နိဂုံးချုပ်

မေလ အတွင်းတွင် မီခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

အထက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ မေလ အတွင်းတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှုများကို စစ်ကောင်စီ ထောက်ခံသူများ၏ အုပ်စုများတွင် ထိတွေ့တုန့်ပြန်မှု မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

မေလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသား ညီညွတ်ရေး အစိုးရ၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကချင် လွတ်မြောက်ရေး တပ်မတော်(KIA)၊ ရက္ခိုင့်တပ်တော်(AA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ကရင်နီ အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ (KNDF)တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။

အန်စီအေလက်မှတ် ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကရင် အမျိုးသား အစည်းအရုံး(KNU)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLA)ကို ဦးတည် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ်ခဲ့သည်။

တော်လှန်ရေး တပ်ဖွဲ့များသည် လမ်း၊ တံတားများကို ဖျက်ဆီးခြင်းနှင့် ဆက်သွယ်ရေးနှင့် လျှပ်စစ် တာဝါတိုင်များကို မိုင်းထောင် ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ထိုကဲ့သို့ လုပ်ဆောင်မှုများကို ထောက်ခံခဲ့သည် ပြည်သူများအနေဖြင့် လျှပ်စစ်မီး ပြတ်တောက်မှုကို ခံရသင့်ကြောင်း အပြစ်တင် ရေးသားမှုများကိုလည်း တွေ့ရသည်။

ရက္ခိုင့်တပ်တော်(AA) နှင့် ပါတ်သက်၍ ပုံစံမျိုးစုံဖြင့် တိုက်ခိုက်ရေးသားမှုများ တွေ့ရှိရပြီး ယခုလ တွင်လည်း ရက္ခိုင့်တပ်တော်(AA)မှာ စစ်ကောင်စီ ဝါဒဖြန့်သူများ၏ အများဆုံး ပစ်မှတ်ထား တိုက်ခိုက်ခံရသည့် အဖွဲ့ ဖြစ်နေဆဲပင် ဖြစ်သည်။ ရက္ခိုင့်တပ်တော်(AA)အပေါ် မူးယစ်ဆေးဝါး ကုန်သွယ်မှု ပြုလုပ်သည်ဟု ရေးသားမှုများ၊ လူမျိုးရေး ရန်တိုက်ရေးသားမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီ တပ်ဖွဲ့များမှ ရက္ခိုင့်တပ်တော်(AA) သိမ်းပိုက်ထားသည့် စခန်းများကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်ဟု လည်းကောင်း၊ လေကြောင်း တိုက်ခိုက်မှု များကြောင့် ရက္ခိုင့်တပ်တော်(AA) တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှု များပြားသည်ဟု လည်းကောင်း ဝါဒဖြန့်ခဲ့သည်ကို တွေ့ရသည်။

မေလအတွင်းတွင် စစ်ကောင်စီ တပ်ဖွဲ့များမှ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ သိမ်းပိုက်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ သရက်ကုန်း စခန်းကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း ဝါဒဖြန့်ခဲ့ပြီး ကြီးမားသည့် စစ်ရေးအောင်ပွဲ တစ်ခုကဲ့သို့ ရေးသားမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် အမျိုးသား ညီညွတ်ရေး အစိုးရ ကာကွယ်ရေး ဝန်ကြီး ဦးရည်မွန်ကို နောင်ချိုမြို့နယ်တွင် ဖမ်းဆီးရမိကြောင်း အတုအယောင် သတင်းမှားများဖြင့် ဝါဒဖြန့်ခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ တော်လှန်ရေး တပ်ဖွဲ့များ အကြား စစ်ရေးနှင့် နယ်မြေထိန်းချုပ်ရေး အရ ဖြစ်ပွား ခဲ့သည့် ပဋိပက္ခများကို အခြေခံကာ သွေးခွဲရန်တိုက် ရေးသားမှုများ ပြုလုပ်ခဲ့သည်။

စစ်ကောင်စီ၏ ဝါဒဖြန့်မှုများကို မိမိတို့ လေ့လာ စောင့်ကြည့်သည့် စစ်ကောင်စီ ထောက်ခံသူများ၏ Facebook Group အများစုတွင် စိတ်ဝင်စားမှု လျော့ကျခဲ့သည်ကို တွေ့ရသည်။